ကန့်သတ်

**ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး(၁/၂၀၂၀) ပထမနေ့ (၁၈.၅.၂၀၂၀)ရက်နေ့တွင် ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂) ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးညီညီ(ခ) ဦးညီလေးချမ်း တင်သွင်းသည့် ဝမ်းနည်းကြောင်းအဆိုဆိုင်ရာ ဆောင်ရွက်ချက်များ**

**ဒုတိယဥက္ကဋ္ဌ။** အစီအစဉ် (၈) ဖြစ်ပါတယ်။ အစီအစဉ်အရ မိုင်းယန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးတင်ဝင်း ကွယ်လွန်အနိစ္စ ရောက်ရှိခြင်းအတွက် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ဝမ်းနည်းကြောင်း အဆိုကို တင်သွင်းမှာ ဖြစ်ပါတယ်။ ဒီအစီအစဉ်ကို ဆောင်ရွက်တဲ့အခါမှာ လွှတ်တော်ကိုယ်စားလှယ် များအနေနဲ့ လက်ခုပ်မတီးမိဖို့ သတိပြုစေလိုပါတယ်။ ယခု ၎င်းအဆိုကို တင်သွင်းဖို့ ဖြစ်ပါတယ်။

**ဦးညီညီ(ခ) ဦးညီလေးချမ်း၊ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** အားလုံး မင်္ဂလာပါ ခင်ဗျား။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော်ကတော့ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးညီညီ(ခ) ဦးညီလေးချမ်း ဖြစ်ပါတယ်။ ကျွန်တော့် အနေနဲ့ ယခုကျင်းပနေသည့် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး (၁/ ၂၀၂၀)မှာ ဝမ်းနည်းကြောင်းအဆို တစ်ရပ်ကို တင်သွင်းမှာ ဖြစ်ပါ တယ်။မိုင်းယန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးတင်ဝင်း (တိုင်းရင်းသားလူမျိုးများ အရေးဆိုင်ရာကော်မတီ၊ အဖွဲ့ဝင်)သည် (၂-၄-၂၀၂၀) ရက်နေ့ ည(၁၁:၄၅)နာရီအချိန်တွင် ကွယ်လွန်အနိစ္စရောက်ရှိခဲ့ပါတယ်။ သို့ဖြစ်ပါ၍ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ကွယ်လွန်အနိစ္စရောက်ရှိသွားခြင်းအတွက် ရှမ်းပြည်နယ်လွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၁၂၁ (က)အရ ဝမ်းနည်းကြောင်းအဆိုကို လွှတ်တော်သို့ တင်သွင်းအပ်ပါ တယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပင်းတယ မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးညီညီ(ခ) ဦးညီလေးချမ်း က မိုင်းယန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးတင်ဝင်း (တိုင်းရင်းသား လူမျိုးများအရေးဆိုင်ရာ ကော်မတီ၊ အဖွဲ့ဝင်)သည် (၂-၄-၂၀၂၀)ရက်နေ့တွင် ကွယ်လွန်အနိစ္စ ရောက်ရှိသွားပါသဖြင့် ဝမ်းနည်းကြောင်းအဆိုကို ရှမ်းပြည်နယ်လွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၁၂၁ (က)အရ လွှတ်တော်သို့ တင်သွင်းလာပါတယ်။ ဒီအဆိုဟာ

လွှတ်တော်၏ အများဆန္ဒနှင့် ကိုက်ညီပြီး လွှတ်တော်က သဘောတူတယ်လို့ မှတ်ယူပါတယ်။ ဒါကြောင့် မိုင်းယန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးတင်ဝင်း ကွယ်လွန်အနိစ္စ ရောက်ရှိခြင်းအတွက် တင်သွင်းသည့် ဝမ်းနည်းကြောင်းအဆိုအား လွှတ်တော်က အတည်ပြု မှတ်တမ်းတင်ပါတယ်။